# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၁၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂–၈–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသာချို(ခ) ဦးတင်ကြိုင်၊ ရေနံချောင်း မဲဆန္ဒနယ်၏ **ရေနံချောင်းမြို့နယ်၊ ငွေးကုန်း–ဝက်ချုပ်–နတ်မောက်မြို့နယ်ချင်းဆက် လမ်းအား ကျောက်ချောလမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းမှ ကတ္တရာလမ်း၊ လမ်းဦးစီးပိုင်အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့၊ ဆင်တပ်မြစ်ရေတင် စီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ (၁.၂၀၁)သန်းနှင့် မြန်မာကျပ်ငွေ သန်းပေါင်း (၃၂၂၀.၀၂၄)အကုန်အကျခံ တည်ဆောက်ခဲ့ရခြင်း၊ မြောင်းပေါင် ပြုလုပ်ရာတွင်**

**တောင်သူမြေများစွာ ပါဝင်သွားခဲ့ပြီး နှစ်ပေါင်း(၁၂) နှစ်တိုင်ခဲ့သော်လည်း စိုက်ပျိုးရေ ပြည့်မီအောင် မပေးနိုင်သေးခြင်းနှင့် ချထားပေးသော ရန်ပုံငွေ (၁၇၅)သန်းကို မည်သည့် လုပ်ငန်းများ ဆောင်ရွက်ထားသည်၊ ယခုအစိုးရသစ်လက်ထက်တွင် သတ်မှတ်ခဲ့သော စီမံကိန်း အကျိုးပြု ဧက (၆၅၀၀) ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်၊ ရေမျက်– ပုဏ္ဏား လမ်းပေါ်ရှိ တွင်းလည်ကျေးရွာနှင့် အုတ်ဖိုကျေးရွာတို့အကြား ရာသီမရွေးသွားလာနိုင်သည့် အရှည်ပေ (၂၉၀) ရှိသော ပနီချောင်းကူး တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်၊ မင်းလယ်တော ရေသွယ်မြောင်း ပျက်စီးမှုအား စိုက်ပျိုးရာသီအမီ အမြန်ဆုံး ပြန်လည် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဆမ်၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ်၊ မိုင်းလွေ ကျေးရွာ အုပ်စု၊ လောင်ကျန်ကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက် ဆည်အား ကျောက်စီ ကွန်ကရစ်ဆည်အဖြစ် တည်ဆောက် ပေးနိုင်ခြင်းရှိ၊ မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က **"ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း ၇ ပုဒ်မ ၂၁ (ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်**

**အဖွဲ့ခွဲ ဝင်များအတွက် ထိုက်သင့်သည့် လစဥ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။